မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

August 27, 2024 Volume 81, Number 19

၂၇.၈.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၄၈.၁ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၂.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၁.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၃.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၉၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၃၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၄၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၂.၉၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၈၁၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်ဘက်မှဝင်ရောက်လာသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စားသောက်ကုန်ဈေးကွက်၌ ရှမ်းပြည်နယ်ဘက်မှဝင်ရောက်လာသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းလုပ်ကိုင်သူ ဒေါ်စုလှိုင်၏ ပြောပြချက်အရ သိရသည်။

ဇူလိုင်လက ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်ဖြူ တစ်ရက်လျှင် ပိဿာချိန် ၄၀၀ အထိသာ အရောင်းအဝယ်ရှိခဲ့ပြီး ဩဂုတ်လ ပထမပတ်မှစ၍ တစ်ရက်လျှင် ကြက်သွန်ဖြူပိဿာချိန် ၆၅၀ အထိ အရောင်းအဝယ်ကောင်းမွန်လာကြောင်းသိရသည်။

"ကြက်သွန်ဖြူက ဩဂုတ်လပထမပတ်လောက်ကတည်းက အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိ မအူပင်မြို့နယ်အတွင်းကို ရှမ်းပြည်နယ်ဘက်ကနေ ထွက်ရှိတဲ့ ကြက်သွန်ဖြူတွေ ပုံမှန်ဝင်ရောက်လျက်ရှိပါတယ်"ဟု ဒေါ်စုလှိုင်ကပြောသည်။

မအူပင်မြို့နယ် စားသောက်ကုန်ဈေးကွက်နှင့် ပွဲရုံများသို့ တစ်ရက်လျှင် ကြက်သွန်ဖြူပိဿာချိန် ၁၅၀၀ မှ ၅၀၀၀ အထိ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်ဖြူများ အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် ကုန်သည်များ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများနှင့် လုပ်သားများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

Source: မြဝတီသတင်းစာ

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း လယ်ကဏန်းပိဿာချိန် ၉၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့




ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း လယ်ကဏန်းပိဿာချိန် ၉၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်တင်ထွေးကပြောသည်။ ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း လယ်ကဏန်းပိဿာချိန် ၆၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ တစ်လအတွင်း လယ်ကဏန်းပိဿာချိန် ၉၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါလယ်ကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။ “ကျိုက်လတ်မြို့နယ်ကနေ လယ်ကဏန်းတွေအပါအဝင် ရေထွက်ကုန်ပစ္စည်းတွေ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေပါတယ်။ ဇူလိုင်လအတွင်း ရန်ကုန်ဈေးကွက်ထဲကို လယ်ကဏန်းပိဿာချိန် ၉၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေတဲ့ ကဏန်းတွေက လယ်ကွင်းထဲကနေ ဖမ်းယူရရှိတာဖြစ်ပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ကဏန်းတွေ အဝယ်လိုက်နေတာက ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပဈေးကွက်ရှိလာတာကြောင့်လို့ သိရပါတယ်။ ကဏန်းတွေဝယ်ယူမှုအားကောင်းလာတော့ ရေလုပ်ငန်းရှင်တွေ အရောင်းအဝယ်လုပ်ငန်း ပိုမိုကောင်းမွန်လာပါတယ်”ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်ထွေးကပြောသည်။

ကျိုက်လတ်မြို့နယ်မှ လယ်ကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် လယ်ကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၈၅,၀၀၀ ထိ ဈေးရရှိနေကြောင်း၊ အဆိုပါ ကဏန်းများ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သည့် လုပ်ငန်းရှင်များ အဆင်ပြေလာကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်ထွေးက ဆက်လက်ပြောပြ၍ သိရသည်။

**Source:** ရတနာပုံသတင်းစာ

**https://myantrade.gov.mm/article/naypyitaw_**

## မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းနေ



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စားသောက်ကုန်ဈေးကွက်သို့ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းနေကြောင်း မအူပင်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးမိုးကပြောသည်။ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စားသောက်ကုန်ဈေးကွက်သို့ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် အာလူးများပုံမှန် ဝင်ရောက်လျက်ရှိကြောင်း၊ အဆိုပါ အာလူးများ ဇူလိုင်လဒုတိယပတ်မှစတင်ပြီး ဩဂုတ်လ ၂၆ ရက်နေ့ထိ အရောင်းအဝယ်ကောင်းလာပြီး လက်ရှိအာလူး ၁၀ ပိဿာလျှင် ငွေကျပ် ၄၅,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

“ရှမ်းပြည်နယ်ဘက်ကနေ မအူပင်မြို့နယ်ဘက်ကို အာလူးတွေပုံမှန်ဝင်ရောက်နေပါတယ်။ မနှစ်က အာလူး ၁၀ ပိဿာကို ငွေကျပ် ၃၅,၀၀၀ ထိပဲ ပေါက်ဈေးရှိခဲ့ပါတယ်။ လက်ရှိ ၁၀ ပိဿာကို ငွေကျပ် ၄၅,၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ အာလူးက

လက်ရှိအရောင်းအဝယ်ကောင်းမွန်နေပါတယ်။ လက်ရှိတစ်ရက်ကို အာလူးပိဿာချိန် ၁၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဝင်ရောက်လာတဲ့ အာလူးတွေက လတ်ဆတ်ပြီး အရည်အသွေးကောင်းမွန်ပါတယ်”ဟု မအူပင်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမိုးက ပြောပြသည်။

မအူပင်မြို့နယ်တွင် ယခုလက်ရှိ အာလူးပိဿာချိန် ၁၀၀၀ မှ ၁၅၀၀ ထိ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အာလူးများအရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် အာလူးစိုက်သည့်တောင်သူများ၊ ကုန်စည်သယ်ယူတင်ပို့သည့် လုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများကောင်းမွန်စွာ လည်ပတ်လုပ်ကိုင်နေရကြောင်း မအူပင်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးမိုးက ပြောပြ၍သိရသည်။

**Source:** ရတနာပုံသတင်းစာ

https://myantrade.gov.mm/article/naypyitaw_

## အမာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အမာမြို့နယ် ပင်လယ်ငါးခြောက်စုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ငွေးက ပြောပြသည်။

အမာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန် ၅၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ ငါးစည်ဖောင်းခြောက် ပိဿာချိန် ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပင်လယ်ငါးစည်ဖောင်းခြောက်များသည် ပင်လယ်ငါးများဖြစ်သော ငါးရွှေ၊ နတ်ကတော်၊ ငါးရောင်၊ ငါးပုတ်သင် စသည့် ငါးများမှ ငါးစည်ဖောင်းများကို စနစ်တကျသန့်စင်နေလှန်း အခြောက်ခံပြီးမှရရှိခြင်းဖြစ်သည်။

“ဒီကနေ တင်ပို့ရောင်းချတဲ့ ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်က ဇူလိုင်လပထမပတ်မှစ၍ ဝယ်ယူအားကောင်းခဲ့ပါတယ်။ အမာမြို့နယ်ကနေ ငါးစည်ဖောင်းခြောက်တွေ အပါအဝင် ဒေသထွက်ကုန်တွေကို ရန်ကုန် ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချတာဖြစ်ပါတယ်” ဟု အမာမြို့နယ် ပင်လယ်ငါးခြောက်စုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ငွေးက ပြောပြသည်။

အမာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ တင်ပို့ရောင်းချခဲ့သည့် ငါးရွှေငါးစည်ဖောင်းခြောက်တစ်ပိဿာလျှင် ငွေကျပ် ၂၂,၀၀၀၊ နတ်ကတော် ငါးစည်ဖောင်းခြောက်တစ်ပိဿာလျှင် ငွေကျပ် ၉၈,၀၀၀၊ ငါးရောင် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၅,၀၀၀ မှ ၃၄,၅၀၀၊ ငါးပုတ်သင် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၈၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ထံမှ သိရသည်။

**Source:** ရတနာပုံသတင်းစာ

https://myantrade.gov.mm/article/naypyitaw_

## ကန့်ဘလူမြို့နယ်၏ မတ်ပဲဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်တွင် စပါးနှင့်ဆီထွက်သီးနှံများအပြင် ပဲမျိုးစုံကိုလည်း စိုက်ပျိုးကြောင်း သိရသည်။ ယခုအခါ မတ်ပဲသီးနှံများ ဈေးကွက်အတွင်း ဝင်ရောက်လျက်ရှိပြီး ဩဂုတ်စတုတ္ထပတ်အတွင်း ဈေးနှုန်းများမှာ မတ်ပဲ(ဂျပန်)တစ်တင်းလျှင် ၉၃,၀၀၀ကျပ်၊ မတ်ပဲရိုးရိုးတစ်တင်းလျှင် ၁၀၅,၀၀၀ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကန့်ဘလူခရိုင်မှ

ထွက်ရှိသောမတ်ပဲများကို မန္တလေးမြို့ရှိပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိသည်။

ဩဂုတ်လ ဒုတိယပတ်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ဩဂုတ်လစတုတ္ထပတ်အတွင်း မတ်ပဲ (ဂျပန်)တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၊ မတ်ပဲရိုးရိုးတစ်တင်းလျှင် ငွေကျပ် ၉၀၀၀ အထိမြင့်တက်လာပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း လုပ်ငန်းရှင်ထံမှ သိရသည်။

Source: https://www.doca.gov.mm

https://myantrade.gov.mm/article/naypyitaw_

## သီဟိုဠ်စေ့ကုန်ကြမ်း ဒုတိယအများဆုံးထုတ်လုပ်သည့်နိုင်ငံအဖြစ်သို့ ကမ္ဘောဒီးယားရောက်ရှိ

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ (၇) လတွင် စုစုပေါင်းတန်ချိန် ၈၃၀,၀၀၀ ထုတ်လုပ်မှုဖြင့် ကမ္ဘောဒီးယားနိုင်ငံသည် အိုင်ဗရီကို့စ်နိုင်ငံ၏နောက်တွင် သီဟိုဠ်စေ့ကုန်ကြမ်း ကမ္ဘာ့ဒုတိယအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်လာကြောင်း ကမ္ဘောဒီးယားသီဟိုဠ်စေ့လုပ်ငန်းအသင်း (CAC) ၏ အစီရင်ခံစာအရသိရသည်။ ဗီယက်နမ်နိုင်ငံသို့ သီဟိုဠ်စေ့တင်ပို့မှုသည် သိသိသာသာ တိုးတက်လာပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၉၂ သန်းရှိသော သီဟိုဠ်စေ့တန်ချိန် ၇၈၀,၀၀၀ ကျော်ကို တင်ပို့နိုင်ခဲ့ကြောင်း CAC ၏ ပြောကြားချက်အရ သိရသည်။ ယင်းတင်ပို့မှုသည် ပမာဏအားဖြင့် ၃၆ ဒသမ ၇ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၂၈ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်သည်။

အဆိုပါ သီဟိုဠ်စေ့တင်ပို့မှု တိုးတက်လာခြင်းသည် အကြောင်းမဲ့မဟုတ်ကြောင်း၊ ၂၀၂၄ ခုနှစ်၊ မေလမှ၍ သီဟိုဠ်စေ့စိုက်ပျိုးဧရိယာ အနည်းငယ်တိုးလာသည့်အချိန်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် လိုက်လျောညီထွေဖြစ်အောင် စိုက်ပျိုးထားသည့် သီဟိုဠ်သရက်ပင်များ သိသာစွာတိုးတက်လာသည့်အတွက်ဖြစ်ကြောင်း ကမ္ဘောဒီးယား သီဟိုဠ်စေ့လုပ်ငန်းအသင်း (CAC) ဥက္ကဋ္ဌ Uon Silot က ဩဂုတ်လ ၁၈ ရက်နေ့တွင် Khmer Times သို့ ပြောကြားခဲ့သည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် ကမ္ဘောဒီးယားနိုင်ငံအပေါ် ရိုက်ခတ်မှုရှိနိုင်ကြောင်း CAC က ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ၌ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ထိုစဉ်က CAC အနေဖြင့် သီဟိုဠ်စေ့ အထွက်ကောင်းစေရေး ပြင်ဆင်ထားရန် ၎င်း၏အဖွဲ့ဝင်များနှင့် တောင်သူများအတွက် ယေဘုယျအားဖြင့် လမ်းညွှန်ချက်အချို့ကို ထုတ်ပြန်ထားခဲ့သည်။ အဆိုပါ ညွှန်ကြားချက်များကို လက်ခံကျင့်သုံးခဲ့သည့်အတွက် သီဟိုဠ်စေ့ အထွက်ပမာဏသည် တိုးတက်လာခြင်း ဖြစ်သည်ဟု Mr. Silot က ပြောကြားခဲ့သည်။

အဆိုပါအချက်များသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ အများအပြားအား ဆွဲဆောင်နိုင်သည့်အတွက် အရေးကြီးသည့် အချက်များဖြစ်ကြောင်း၊ သီဟိုဠ်စေ့လုပ်ငန်းကို လုပ်ကိုင်ရန်စဉ်းစားပါက ကမ္ဘောဒီးယား၏ သီဟိုဠ်စေ့ထုတ်လုပ်မှု နယ်ပယ်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း Mr. Silot က ပြောကြားခဲ့သည်။ သီဟိုဠ်စေ့မူဝါဒ (၂၀၂၂-၂၀၂၇) ဖော်ဆောင်မှုမှ ပိုမိုကောင်းမွန်သောရလဒ်များ ရရှိနိုင်ရန် အတွက် CAC အသင်းအနေဖြင့် ပြည်တွင်း၌ ပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းများ အတွက် ရင်းနှီး မြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်လိုကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်လိုခြင်းသည် CAC နှင့် အခြားသော ပါဝင်ပတ်သက်သူများက အစဉ်မျှော်မှန်းသည့် အချက်ဖြစ်ကြောင်း၊ သီဟိုဠ်စေ့ ပြုပြင်ထုတ်လုပ်သည့်စက်ရုံများစွာရှိပါက ကျေးရွာများတွင် အလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ပြီး လုပ်သားများ ပြောင်းရွှေ့ လုပ်ကိုင်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ပွဲစားအဆင့်ဆင့် များပြားမှုကို လျှော့ချပြီး ထပ်ဆောင်း တန်ဖိုးမြှင့်လျက် သင့်တင့်မျှတသည့်ဈေးနှုန်းတစ်ရပ်ကို ထိန်းသိမ်းပေးခြင်းဖြင့် တောင်သူများကို အထောက်အပံ့ပြုနိုင်မည်ဖြစ်ကြောင်း Mr. Silot က အလေးပေးပြောကြားခဲ့သည်။ လက်ရှိတွင် သီဟိုဠ်စေ့ခြောက် တစ်ကီလိုဂရမ်လျှင် ကမ္ဘောဒီးယားနိုင်ငံသုံးငွေ ရီယယ် ၇၃၀၀ နှုန်း ဝန်းကျင်ရှိကြောင်း၊ အမျိုးသားသီဟိုဠ်စေ့မူဝါဒ ၂၀၂၂-၂၀၂၇ နှင့်အညီ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကမ္ဘောဒီးယား သီဟိုဠ်စေ့လုပ်ငန်းတွင် ရင်းနှီး မြှုပ်နှံမှု ဒေါ်လာ ၃၂၉ သန်းကို ထပ်မံ၍ လိုအပ်ကြောင်း သိရှိရသည်။

ကမ္ဘောဒီးယား စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ် (ARDB) ၏ အမှုဆောင် အရာရှိချုပ် Kao Thach က သီဟိုဠ်စိုက်ပျိုးသည့် တောင်သူများအနေဖြင့် ထုတ်ကုန်များ၏ အရည်အသွေးကောင်းမွန်စေရန်နှင့် ရောင်းချနိုင်စွမ်းရှိစေရန်

အတွက် သီဟိုဠ်စေ့အသင်း (CAC) နှင့် အခြားစိုက်ပျိုးရေး အသိုင်းအဝိုင်းများနှင့် ချိတ်ဆက်ရန် ယခင်ရက်သတ္တနှစ်ပတ်တွင် Kampong Thom ပြည်နယ်၌ ကျင်းပသော CAC နှင့် တွေ့ဆုံဆွေးနွေးပွဲတွင် တိုက်တွန်းပြောကြားခဲ့သည်။ အဆိုပါ ပြည်နယ်ရှိ Sala Visai, Prasat Sambo နှင့် Tamring ကျေးရွာအုပ်စု သုံးခုတွင် ခေတ်မီ သီဟိုဠ်စေ့စိုက်ပျိုးရေး အဖွဲ့ (၃) ဖွဲ့ကို တရားဝင် ဖွဲ့စည်းတည်ထောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**Source: Khmer Times, 19 August, 2024**

**(လယ်ယာထွက်ကုန်များနှင့် အမိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm

## အရန်ထားရှိရန် ဆန်တန်ချိန် ၄၅၀,၀၀၀ တောင်ကိုရီးယားအစိုးရ ဝယ်ယူမည်



တောင်ကိုရီးယားနိုင်ငံ၌ ဆန်ပိုလျှံထွက်ရှိမှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ဈေးကွက်အတွင်း ဈေးနှုန်းများတည်ငြိမ်မှုရှိစေရန်အတွက် အစိုးရသည် ယခုနှစ်ရိတ်သိမ်း ထွက်ရှိမှုမှ ဆန်တန်ချိန် ၄၀၀,၀၀၀ နှင့် ယခင်နှစ်ထွက်ရှိမှုမှ တန်ချိန် ၅၀,၀၀၀ ၊ စုစုပေါင်း ဆန်တန်ချိန် ၄၅၀,၀၀၀ ကို အရန်ရိက္ခာအဖြစ်ဝယ်ယူမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ စားနပ်ရိက္ခာနှင့် ကျေးလက်ရေးရာဝန်ကြီးဌာနက ဩဂုတ်လ ၁၉ ရက်နေ့တွင် ပြောကြားခဲ့သည်။

အစိုးရအဖွဲ့အစည်းဝေးတွင် ချမှတ်ခဲ့သည့် စီမံချက်အရ ဩဂုတ်လမှ နိုဝင်ဘာလအတွင်း မပြုပြင်ရသေးသော ဆန်များကိုလည်းကောင်း၊ အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ထုပ်ပိုးပြီး သော ဆန်များကိုလည်းကောင်း ဝယ်ယူမည်ဖြစ်ကြောင်း သိရပါသည်။ ဝယ်ယူသည့် ဈေးနှုန်းကို ယခုနှစ်ကုန်၌ ဆုံးဖြတ်မည်ဖြစ်ပြီး ကြားကာလပေးချေမှုအဖြစ် ဆန် ၄၀ ကီလိုဂရမ် တစ်အိတ်လျှင် ဝမ်ငွေ ၃၀,၀၀၀ နှုန်း (အမေရိကန်ဒေါ်လာ ၂၂ ဒေါ်လာ) ဖြင့် အစိုးရက ပေးအပ်ထားမည်ဖြစ်သည်။ ကိုရီးယားပြည်သူများ၏ စားသောက်မှုပုံစံနှင့် အလေ့အထများ ပြောင်းလဲလာမှုကြောင့် ၎င်းတို့၏ ဆန်စားသုံးမှု ဆက်တိုက်ကျဆင်းနေချိန်တွင် ကိုရီးယားနိုင်ငံသည် ဆန်ပိုလျှံထွက်ရှိမှု ကိစ္စရပ်ကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းနေရကြောင်း သိရသည်။

တောင်ကိုရီးယားအစိုးရအနေဖြင့် ဝယ်ယူထားသော အရန်ဆန်များကို တပ်ရိက္ခာအဖြစ် သုံးစွဲခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ စီမံကိန်းများအပါအဝင် ရည်ရွယ်ချက် အမျိုးမျိုးအတွက် အသုံးပြုမည်ဖြစ်သည်။ ထို့ပြင် ရေကြီးခြင်းနှင့် မိုးခေါင်ခြင်းစသည့် အရေးပေါ်အခြေအနေများတွင် စားနပ်ရိက္ခာဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသော အာဆီယံ+၃ အရေးပေါ် အရန်ဆန်အတွက်လည်း အဆိုပါဆန်များကို အသုံးပြုမည်ဖြစ်ကြောင်း သိရပါသည်။

**Source: Korea Times, 19 Aug 2024**

**(လယ်ယာထွက်ကုန်များနှင့် အမိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**Source:** https://www.doca.gov.mm

## STOCK EXCHANGE (27.8.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Aug, 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 23,081 (Shares) | 80,279,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 9,000 | 8,900 | 531 | 4,734,300 | 33,109,694 | 294,676 |
| MTSH | 00002 | 3,550 | +50 | +1.43% | 3,450 | 3,550 | 3,450 | 3,704 | 12,953,000 | 38,929,150 | 138,199 |
| MCB | 00003 | 9,000 | +100 | +1.12% | 9,000 | 9,000 | 9,000 | 4 | 36,000 | 10,400,986 | 93,609 |
| FPB | 00004 | 1,800 | -50 | -2.70% | 1,850 | 1,850 | 1,800 | 185 | 340,500 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 1,364 | 2,361,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 255 | 1,173,000 | 10,497,598 | 48,289 |
| MAEX | 00008 | 3,300 | -100 | -2.94% | 3,300 | 3,300 | 3,300 | 662 | 2,184,600 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 27th Aug, 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 410.54 | -1.72 | -0.42% | 411.47 | 411.47 | 409.91 | 7,506 | 19,197,850 | 8 | 774,352 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 27th Aug. 2024

| Trading Volume | Trading Value |
|---|---|
| 17,545 (Shares) | 55,577,350 (MMK) |

## Main Board

As of 1:00 pm, 27th Aug. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,506 (Shares) | 54,197,850 (MMK) |

| MYANPIX | 410.54 ▼ 1.72 |
|---|---|
| Total Volume (shares) | 7,506 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 774,352 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,500 | ▼ 50 |
| MCB | 00003 | 9,000 | ▲ 0 |
| FPB | 00004 | 1,750 | ▼ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,350 | ▲ 50 |

TIR